
http://www.dhammadownload.com





# ရန်ဘေးမဲ့ အလှူ များများလှူ

သာမဏေကျော်

သာသနာနှစ်-၂၅၆၂ မြန်မာနှစ်-၁၃၈၀ ခရစ်နှစ်-၂၀၁၈

http://www.dhammadownload.com


သိက္ခာရှင်ဆရာလေးများ
စာကြည့်တိုက်





# "ရန်ဘေးမဲ့အလှူ များများ လှူ"

သာမဏေကျော်



http://www.dhammadownload.com

(၇၆)နှစ်
အရွယ်ကား
မငယ်တော့ပါ၊
သို့သော်
ဆရာတော်သည်
စာရေးသူထက်
အလုပ်
ပိုလုပ်နိုင်၏။

ကျေးဇူးရှင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော်သည် သက်တော် (၇၆)နှစ်၊ စာရေးသူသည် အသက်(၄၁)နှစ်၊ အသက်အားဖြင့် ဆရာတော်သည် စာရေးသူထက် (၃၅)နှစ်ထိ ကြီးနေ၏၊ (၇၆)နှစ် အရွယ်ကား မငယ်တော့ပါ၊ သို့သော် ဆရာတော်သည် စာရေးသူထက် အလုပ် ပိုလုပ်နိုင်၏၊ ဤနေ့ (တော်သလင်း လပြည့်ကျော် ၁၁-ရက်)၌ ဆရာတော်နှင့်အတူ မြို့ထဲသို့ အရှက်ဆွမ်းစား ကြွရ၏၊ ထိုဆွမ်းစား၌ ဆရာတော်သည် နာရီဝက်သာသာ တရားဟော၏၊ ဆွမ်းစားမှအပြန် ရိပ်သာရှိ ရဟန်း၊

http://www.dhammadownload.com



**ရိပ်သာရောက်ပြီး ချက်ချင်းပင် ဆက်ဟောရ၏၊ တတိယတရားပွဲ ကား . . .**

ကိုရင်၊ သိက္ခာရှင်၊ အမျိုးသား၊ အမျိုးသမီး ယောဂီတို့အား ဆက်ကပ်လှူဒါန်းသည့် အရုဏ်ဆွမ်းအလှူရှင်များအတွက်လည်း တရားဟောရပြန်၏၊ ရိပ်သာရောက်ပြီး ချက်ချင်းပင် ဆက်ဟောရ၏၊ တတိယတရားပွဲကား ရိပ်သာ၌ နေ့ဆွမ်းလာ၍ ဆက်ကပ်ကြသည့် အလှူရှင်များအား ဟောကြားသည့် တရားပွဲပင်၊ ဤတတိယပွဲ၌လည်း နာရီဝက် သာသာလောက် အနည်းဆုံး ကြာပါမည်၊ ဤတရားပွဲ(၃)ပွဲ၌ သီလပေး၊ တရားဟော၊ ရေစက်ချချိန်သည် (၂)နာရီခန့် အနည်းဆုံး ရှိမည်၊ နေ့လယ်ပိုင်း၊ ညနေပိုင်း တရားပွဲတို့ကလည်း ရှိသေး၏။

စာရေးသူသည် ဤမနက်ခင်း၌ စာဝါ (၂)ဝါ ပို့ချ၏၊ အတော်ပင် မောသွား၏၊ နားထဲမှ လေများပင် ထွက်လာ၏၊ စာရေးသူ မောရ၍ နားနေခိုက်အချိန်၌

http://www.dhammadownload.com



*ဒုတိယနှင့် တတိယတရားပွဲတို့၌လည်း ဤတရားကိုပင် ဟောပါလိမ့်မည်။*

ဆရာတော်သည်ကား ဟောနေဆဲ ဖြစ်၏၊ အပြင် အရုဏ်ဆွမ်းစား၌ ဟောသည့် တရားကား "ကုသိုလ်မင်္ဂလာ"အကြောင်း နှင့် "အဲဘယဒါန"အကြောင်း ဖြစ်၏၊ ဒုတိယနှင့် တတိယ တရားပွဲတို့၌လည်း ဤ တ ရား ကို ပင် ဟော ပါ လိမ့် မည်၊ အကြောင်းမှာ ဆရာတော်သည် ဤတရား ကို နေရာတကာ၌ ဟောနေသောကြောင့် ပင်တည်း၊ ဤ "ကုသိုလ်မင်္ဂလာ" နှင့် "အဘယဒါန"အကြောင်းကို ထပ်တလဲလဲ ဟော နေ သော ကြောင့် စာရေးသူသည် မဟာစည် ဆရာတော်ကြီးနှင့် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးတို့ကို မေး မြန်း ပြီး သတိရမိ၏၊ ဤဆရာတော်ကြီး နှစ်ပါး သည် သီလပေးရာ၌ ဘုရားရှိခိုး၊သရဏဂုံ, သီလတို့ကို မြန်မာလိုပါ ကျကျနန အမြဲ နီးပါး ရှင်းပြလေ့ရှိကြသတဲ့၊ ဗုဒ္ဓသာသနာ ဝင်တိုင်း သိဖို့ လိုအပ်သည်ဟု ယူဆတော် မူကြသောကြောင့် ဖြစ်ပါလိမ့်မည်။

http://www.dhammadownload.com



ယခုလည်း ရွှေတောင်ကုန်းသာသနာ့ ရိပ်သာဆရာတော်သည် 'ကုသိုလ်မင်္ဂလာ' နှင့် 'အဘယဒါန'တရားကို ထပ်တလဲလဲ ဟော နေ သည် မှာ ဗုဒ္ဓသာသနာဝင်တို့ အလွန့်အလွန်ကို သိဖို့ လိုအပ်နေသည်ဟု ယူဆထားတော်မူသောကြောင့် ဖြစ်ပါ၏၊ ဗုဒ္ဓသာသနာတော်အတွက် အ လွန် ပင် ကြောင့်ကြောင့်ကြကြ ရှိတော်မူကြသည့် ဤကဲ့သို့သော ဆ ရာ တော် ကြီး တို့ ၏ သာသနာသွေး မအေးကြပုံ၊ နွေးနွေးထွေး ထွေး ရှိကြပုံတို့ကို အာရုံပြုပြီး အလွန်ပင် ကြည်ညိုလေးစားအားရလှပါ၏၊ဤကဲ့သို့ သော ဆ ရာ တော် ကြီး တွေ သာ သာသနာသွေး အေးနေကြမည် ဆိုလျှင်ကား အနာဂတ်သာသနာတော်၏ အရေးသည် ရင်လေးစရာပင်၊ မတွေးဝံ့စရာပင်။

**ဗုဒ္ဓသာသနာဝင်တို့ အလွန့်အလွန်ကို သိဖို့ လိုအပ်နေသည်ဟု ယူဆထားတော်မူသောကြောင့် ဖြစ်ပါ၏။**

ဆရာတော်၏ "ကုသိုလ်မင်္ဂလာ"ဆိုသည့် စကားလုံး၏အဓိပ္ပာယ် ရှင်းပြချက်ကို နားထောင်ရသည်မှာ အခါပေါင်း

http://www.dhammadownload.com



မရေတွက်နိုင်လောက်အောင် များခဲ့ပါပြီ၊ သေသေချာချာ စိတ်စိုက်ပြီး နားထောင်မိသည့်အခါများ ပါသကဲ့သို့ ထူးထူးခြားခြား စိတ်မစိုက်ဘဲ နားထောင်မိသည့်အခါတို့လည်း ပါကြ၏၊ ဤ"ကုသိုလ်မင်္ဂလာ" ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို ဆရာတော် ရှင်းပြသကဲ့သို့ ရှင်းပြပါဟု ဆိုလျှင်ကား ပြည့်စုံအောင် ရှင်းပြနိုင်မည်ဟု မထင်မိပါ။

*"ပကာသနဒါနတွေကပဲ များနေတယ်"ဟု တဖွဖွ မိန့်လေ့ ရှိ၏၊*

ဆရာတော်သည် မြန်မာနိုင်ငံမှ ဒါနမှုအစုစုကို ကြည့်ရှုပြီး "ပကာသနဒါနတွေကပဲ များနေတယ်"ဟု တဖွဖွ မိန့်လေ့ရှိ၏၊ အမှန်တကယ် လေ့လာကြည့်လျှင်လည်း ဆရာတော် အမိန့်ရှိသည့်အတိုင်း မှန်နေ၏၊ ထို့ပြင် ဆရာတော်သည် ဤလက်ာလေးများကို ရွတ်ရွတ်ပြပြီး ပကာသန ဒါနများ ဖယ်ရှားရေးကို သတိပေးလေ့ ရှိပါသည်။

http://www.dhammadownload.com



➢ ကုသိုလ် အရေခြုံ၊ ငွေတွေ ကုန်၊ ပျော်ရုံသက်သက်ပင်။

➢ ကုသိုလ် လွန်ကဲ၊ ငွေကုန် နည်း၊ ဉာဏ်လည်း ယှဉ်စေချင်။

➢ အကျိုးကို ရှု၊ ကုသိုလ် ပြု၊ ပျော်မှု ဝေးစွာ ကြဉ်။

ဖြစ်သော် သန့်ရှင်း၊ အပြစ်ကင်း၍၊ ကောင်းခြင်းသုခ၊ ကျိုးပေးက၊ ကုသလမင်္ဂလာ။

"ကုသိုလ်မင်္ဂလာ"ဆိုသော စကားလုံး၏ အဓိပ္ပာယ်ကို ဆရာတော်ကဲ့သို့ ပြည့်စုံဝေဆာအောင် မ ရှင်း ပြ နိုင် သော် လည်း စာရေးသူ မှတ်မိသရွေ့၊ နားလည်သရွေ့ ရေးပြပါမည်၊ "ကုသိုလ်မင်္ဂလာ"ဆိုသော စကားလုံး၏ အဓိပ္ပာယ်ကို ရှင်းပြတိုင်း ဆရာတော်သည် ဤလင်္ကာလေးကို အမြဲ ရွတ်ပြလေ့ရှိ၏။

➢ ဖြစ်သော် သန့်ရှင်း၊ အပြစ်ကင်း၍၊ ကောင်းခြင်း သုခ၊ ကျိုးပေးက၊ ကုသလမင်္ဂလာ။

http://www.dhammadownload.com



"ကုသလာ အနဝဇ္ဇ သုခဝိပါက လက္ခဏာ"ဟူသောစကားနှင့်အညီ ဖွဲ့သိထားအပ်သော ဤလင်္ကာသည် ဆရာမြတ်များ စပ်ဆိုထားသော လင်္ကာ ဖြစ်ကြောင်းကိုလည်း ဆရာတော်က မိန့်တော်မူ၏၊ ဘယ်ဆရာမြတ်တွေ စပ်ဆိုခဲ့တယ် ဆိုတာကိုတော့ မသိရ၊ မဟာဂန္ဓာရုံ ဆရာတော်လား၊ မဟာစည် ဆရာတော်လား၊ ကာဗျဝိဒူ အရှင်စန္ဒဇောတိလား. . ဒီ(၃)ပါးထဲက တစ်ပါးပါး ဖြစ်ပါလိမ့်မည်။

"ကုသိုလ်မင်္ဂလာ"ဆိုတဲ့ စကားလုံးဟာ "ကုသလမင်္ဂလ"ဆိုတဲ့ ပါဠိစကားက ဆင်းသက်လာတယ်ဆိုတာကိုတော့ သိဖို့လွယ်ပါတယ်၊ "ကုသိုလ်မင်္ဂလာ" ဆိုတဲ့ စကားလုံးထဲမှာ ငုပ်နေတဲ့ အဓိပ္ပာယ်ကို သိတဲ့သူကတော့ အရှားသားပဲ၊ "ကုသိုလ်မင်္ဂလာ"ထဲမှာ "ကုသိုလ်"ဆိုတဲ့စကားလုံးရဲ့ ငုပ်နေတဲ့ အဓိပ္ပာယ်က "ပြစ်ကင်းသန့်ရှင်း ကောင်းကျိုးရစေတဲ့ တရား"တဲ့။

"ပြစ်ကင်းသန့်ရှင်း ကောင်းကျိုးရစေတဲ့ တရား"တဲ့။

http://www.dhammadownload.com



ဒါနကုသိုလ် ပြုလျှင် ကင်းရမည့် အပြစ်များကို ဆရာတော်က ထောက်ပြထား၏။

*အဆင့်အတန်း မြင့်သော ဒါန၊ ပါရမီ မြောက်သော ဒါနပြုသူများသည် ဘဝလွတ်မြောက်ရေးကိုသာ ရှေးရှု၍ ပြုလုပ်တတ်ကြ၏။*

"လှူမယ့်ပစ္စည်းအပေါ်မှာ တွယ်တာနေရင် အပြစ် မကင်းဘူး၊ နာမည်ကြီးချင်လို့ လှူရင်လည်း အပြစ်မကင်းဘူး၊ ဘာမဟုတ်တဲ့ လောကီအကျိုးတွေကို မျှော်ရင်လည်း အပြစ်မကင်းဘူး၊ အဲဒီ အပြစ်ကတော့ လောဘအပြစ်ပဲ၊ အပြစ်ကင်းတဲ့ ဒါန-ကုသိုလ်ဖြစ်တဲ့ဒါန ပြုချင်ရင် ပစ္စည်းအပေါ်မှာ မတွယ်တာနဲ့၊ နာမည်မကြီးချင်နဲ့၊ လောကီအကျိုးတွေကိုလည်း မမျှော်နဲ့"ဟု သတိပေး ဆုံးမတော်မူ၏၊ အဆင့်အတန်း မြင့်သော ဒါန၊ ပါရမီ မြောက်သော ဒါန မပြုတတ်သူသည် ပစ္စည်းအပေါ်တွင် တွယ်တာနေတတ်၏၊ နာမည်ကြီးချင်တတ်၏၊ လောကီအကျိုးများကို မျှော်နေတတ်၏၊ အဆင့်အတန်း

http://www.dhammadownload.com



*ပါရမီမြောက်တဲ့ ဒါန ပြုနေသူဟာ သူတစ်ပါးပစ္စည်းကို ခိုးယူလိုမှုတွေ မရှိဘူး။*

မြင့်သော ဒါန၊ ပါရမီ မြောက် သော ဒါန ပြုသူများသည် ဘဝ လွတ်မြောက်ရေးကို သာ ရှေးရှုပြီး ပြုလုပ်တတ်ကြ၏၊ ဤကဲ့သို့ အဆင့်အတန်း မြင့်သောဒါန၊ ပါရမီမြောက်သောဒါန ပြုလိုသူများသည် ဘဝ လွတ်မြောက်ရာ နိဗ္ဗာန်ကို ရည်မျှော်၍ လှူဒါန်းရပါမည်၊ ဤစကားကို ကောက်ချက် ချရလျှင် "ဒါနမှာ အလောဘ ဖြစ်ပါစေ၊ လောဘ မပါပါစေနဲ့"ဟု ကောက်ချက်ချနိုင်ပါသည်။

ဤနေရာတွင် ဆရာတော်သည် ဒါနမှ သီလဆီသို့ သယ်ဆောင်ပြပုံလေးမှာ စိတ်ဝင်စားစရာ ကောင်းလှပါသည်။

"ဒီလို ပါရမီမြောက်တဲ့ဒါန ပြုနေသူဟာ သူတစ်ပါးပစ္စည်းကို ခိုးယူလိုမှုတွေ မရှိဘူး၊ သူတစ်ပါးပစ္စည်းကို ခိုးယူမှုမှ ရှောင်ကြဉ်ရတဲ့ သီလကို လွယ်ကူစွာနဲ့ပဲ ထိန်းသိမ်းနိုင်တော့တယ်၊ ဒါဟာ ဒါနက

http://www.dhammadownload.com



သီလလမ်းကို ဖွင့်ပေးလိုက်တာပါပဲ၊ ဒါန ကြောင့် သီလလမ်းဟာ လွယ်လွယ်လေး ပဲ ပွင့်သွားပါတယ်"။

ဤစကားသည် အလွန်ပင် သဘာဝ ကျလှ၏၊ ဒါနဆိုသည်မှာ အလောဘ ဖြစ်၍ အဒိန္နာဒါန(ခိုးမှု)သည် လောဘဖြစ်၏၊ ခိုး မှု လော ဘ ကို တွန်း လှန် ရာ တွင် အလောဘဖြစ်သည့် ဒါနက များစွာ အထောက်အကူပြုတော့၏။

*ဒါနပြုရာမှာ မေတ္တာထည့်ပြီး လှူပါ၊ ကရုဏာထည့်ပြီး လှူပါ။*

ဆရာတော်က ဤသို့လည်း အမိန့် ရှိတော်မူ၏။

"ဒါနပြုရာမှာ မေတ္တာထည့်ပြီး လှူပါ၊ ကရုဏာထည့်ပြီး လှူပါ၊ လှူတဲ့သူ ဟာ အလှူခံပုဂ္ဂိုလ်တွေ သူ လှူတဲ့ပစ္စည်း ကို သုံးစွဲပြီး ချမ်းသာစေချင်တယ်၊ အဲဒါ ဟာ မေတ္တာပဲ၊ လှူတဲ့သူဟာ အလှူခံ ပုဂ္ဂိုလ်တွေမှာ ပစ္စည်းချို့တဲ့လို့ ဆင်းရဲမှာ ကို မလိုလားဘူး၊ အဲဒါဟာ ကရုဏာပဲ၊

http://www.dhammadownload.com



မေတ္တာ, ကရုဏာပါတော့ သူတစ်ပါးရဲ့ ပြည့်ဝအောင်မြင်မှုကို ဝမ်း သာ အား ရ ပျော်ရွှင်သွားတယ်၊ အဲဒီအခါ မကျေနပ်မှုပါတဲ့ မနာလိုမှုနဲ့ သူတစ်ပါး ကိုယ့်လို ကောင်းစားချမ်းသာမှာကို ဝန်တိုမှုဆိုတဲ့ အပြစ်လည်း ကင်းသွားတယ်"။

*အကျိုးလိုလားတဲ့ မေတ္တာ၊ ကြင်နာသနားတဲ့ ကရုဏာပါတဲ့ ဒါနရှင်ဟာ စာနာမှု၊ ညာတာမှုတွေ ရှိလာတယ်။*

"ဒီလို မေတ္တာ ကရုဏာပါတော့ မုန်းတဲ့ဒေါသ၊ ရက်စက်တဲ့ဒေါသဆိုတဲ့ အပြစ်လည်း ကင်းသွားတယ်၊ အကျိုးလိုလားတဲ့ မေတ္တာ၊ ကြင်နာသနားတဲ့ ကရုဏာပါတဲ့ ဒါနရှင်ဟာ စာနာမှု၊ ညာတာမှုတွေ ရှိလာတယ်၊ ဒါကြောင့် သူ့အသက် သတ်လိုမှု မရှိဘူး၊ သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ရတဲ့ သီလကို လွယ်ကူစွာနဲ့ပဲ ထိန်းသိမ်းနိုင်တော့တယ်။"

"လောကမှာ သတ္တဝါတွေဟာ အသက်ခံရမယ်ဆိုရင် အလွန်ပဲ ကြောက်ကြတယ်၊ ထိတ်လန့်ကြတယ်၊ သတ္တဝါတွေဆိုတာ

http://www.dhammadownload.com



ကိုယ့်အသက်ကိုယ် ချစ်ကြတာပဲ၊ သတ်လာမယ့်သူကို စွမ်းနိုင်သမျှ ခုခံကာကွယ်ကြမှာပဲ၊ မေတ္တာ, ကရုဏာပါတဲ့ ဒါနရှင်ဟာ ငဲ့ညှာစာနာထောက်တဲ့သဘော ရှိတာမို့ ကိုယ်ချင်းမစာတဲ့သူတွေသာ လုပ်ရဲတဲ့၊ လုပ်ရက်တဲ့ သူ့အသက်သတ်မှုကို မလုပ်ရဲဘူး၊ မလုပ်ရက်ဘူး၊ သူ့ကို သူတစ်ပါးတွေက ကြောက်ရွံ့ထိတ်လန့်နေရတာကို သူ မလိုလားဘူး၊ ဒါကြောင့် သူက သူတစ်ပါးတွေကို ကြောက်အောင်, ရွံ့အောင်, ထိတ်လန့်အောင် မလုပ်ဘူး၊ သူတစ်ပါးက သူ့ကို မကြောက်, မရွံ့, မထိတ်လန့်အောင်ဘဲ လုပ်တယ်၊ သူတစ်ပါးကို အကြောက်တရား မပေးဘူး၊ သူဟာ ငဲ့ညှာစာနာပြီး သူ့အသက်ကို မသတ်တော့ သတ္တဝါတွေကို ရန်ဘေးမဲ့ အလှူပေးရာရောက်သွားတယ်။”

*သူ့ကို သူတစ်ပါးတွေက ကြောက်ရွံ့ထိတ်လန့်နေရတာကို သူ မလိုလားဘူး၊ အကြောက်တရား မပေးဘူး။*

http://www.dhammadownload.com



"ဟော. . . မေတ္တာ, ကရုဏာပါတဲ့ ဒါနက သူ့အသက်သတ်မှုမှ ရှောင်ကြဉ်မှုဆိုတဲ့ သီလလမ်းကိုလည်း ဖွင့်ပေးလိုက်ပြန်ပြီ"။

*အဲဒီ စိတ်ထားကြောင့် ကျန်တဲ့ သီလသုံးပါးလည်း လမ်းပွင့်တော့တယ်။*

"အသတ်ခံရမှာ, ကိုယ့်ပစ္စည်း အခိုးခံရမှာကို ဘယ်သူမဆို ကြောက်ကြသလို ကိုယ့်သားသမီး ဖျက်ဆီးခံရမှာ,လိမ်ညာခံရမှာ, မူးရူးပြီး အရမ်းကားခံရမှာကိုလည်း ကြောက်ကြတာပဲ၊ မေတ္တာ, ကရုဏာပါတဲ့ ဒါနရှင်မှာ ကိုယ်ချင်းစာမှု ရှိတယ်၊ "ငါလည်း အသတ်ခံရမှာ, အခိုးခံရမှာ, ငါ့သားသမီး အဖျက်ဆီးခံရမှာ, လိမ်ညာခံရမှာ, မူးရူးပြီး အရမ်းကားခံရမှာ ကြောက်တယ်၊ ငါ ကြောက်သလိုပဲ အခြားသူတွေလည်း ကြောက်ကြတယ်၊ သူတစ်ပါးတွေ ကြောက်တဲ့အလုပ်ကို ငါ မလုပ်ဘူး၊ ငါ ရှောင်ကြဉ်မယ်, ရှောင်ကြဉ်မယ်"ဆိုတဲ့ စိတ်ထားဟာ အလိုလို ဝင်လာတယ်၊ အဲဒီ စိတ်ထားကြောင့် ကျန်တဲ့ သီလသုံးပါး

http://www.dhammadownload.com



လည်း လမ်းပွင့်တော့တယ်”ဟု မိန့်တော်မူပါသည်။

ဆရာတော် ရှင်းပြသော စကားများကို နာကြားရသည့်အခါ အဘိဓမ္မပိဋက အဋ္ဌသာလိနီအဋ္ဌကထာ၌ ဖတ်ဖူးခဲ့သော စကားများကို သတိရမိပါသည်။

“အလောဘော ဒါနဟေတု၊ အဒေါသော သီလဟေတု၊ အမောဟော ဘာဝနာဟေတု”

***“အလောဘသည် ဒါန၏ အကြောင်းတရား၊ အဒေါသသည် သီလ၏ အကြောင်းတရား၊ အမောဟသည် ဘာဝနာ၏ အကြောင်းတရား”***

“အလောဘသည် ဒါန၏ အကြောင်းတရား၊ အဒေါသသည် သီလ၏ အကြောင်းတရား၊ အမောဟသည် ဘာဝနာ၏ အကြောင်းတရား”ဟု ဖော်ပြထား၏၊ အလောဘသည် ဒါန၏ အကြောင်းတရားဖြစ်ပုံကိုလည်း ဆရာတော်က ရှင်းပြခဲ့ပါသည်၊ ယခု အဒေါသ ခေါ်သော မေတ္တာနှင့် ကရုဏာသည် သီလ၏ အကြောင်းတရားဖြစ်ပုံကို ရှင်းပြသွားခြင်းပင် ဖြစ်ပါသည်။

http://www.dhammadownload.com



**"အဘယဒါန ခေါ်တဲ့ ရန်ဘေးမဲ့ အလှူကြီးတွေ ကို များများ ပေးနိုင်ကြပါစေ"**

"အဘယဒါန ခေါ်တဲ့ ရန်ဘေးမဲ့အလှူကြီးတွေကို များများ ပေးနိုင်ကြပါစေ"ဟု ရောက်လေရာရာ၌ တွေ့သမျှ ပုဂ္ဂိုလ်များကို အခွင့်သင့်သလို ဆရာတော်က တိုက်တွန်းလေ့၊ သတိပေးလေ့၊ ဆုံးမလေ့ ရှိသော ရန်ဘေးမဲ့အလှူ(၅)မျိုးသည် ငါးပါးသီလပင် ဖြစ်ပါသည်။

ငါးပါးသီလကို အဘယဒါနဟု ခေါ်သည်ဆိုရာ၌ သီလကို ဒါနဟုခေါ်ရသည့် အကြောင်းကို စဉ်းစားကြည့်သောအခါ သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ ကူဋဒန္တသုတ်၌ ဖတ်ခဲ့ရသော စကားများကို ပြန်၍ သတိရမိပါသည်။

"ဒီငါးပါးသီလကို စောင့်ထိန်းရာမှာ မိမိကိုယ်ကို ချစ်ခင်တွယ်တာမှု၊ မိမိအသက်ကို ချစ်ခင်တွယ်တာမှုကို စွန့်လွှတ်ပြီး စောင့်ရှောက်မယ်လို့ စိတ် ဆုံးဖြတ်ကာ ဆောက်တည်ထားလို့ "ဒါန"လို့ ခေါ်

http://www.dhammadownload.com



တယ်၊ ဒီငါးပါးသီလနဲ့တူတဲ့ ဒါနဟာ မရှိဘူး၊ အလုပ်ကိစ္စ နည်းပြီး အကျိုးများတဲ့ ဒါနပဲ"ဟု မိန့်ဆိုထားပါသည်။

*ငါးပါးသီလဟာ . . အလုပ်ကိစ္စ နည်းပြီး အကျိုးများတဲ့ ဒါနပဲ။*

ဤအဘယဒါန (ရန်ဘေးမဲ့အလှူကြီး) ခေါ် ငါးပါးသီလနှင့် စပ်၍ အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ်၌ ဘုရားရှင် ဟောတော်မူခဲ့သော စကားများသည် အလွန်ပင် အားရစရာ၊ ကြည်ညိုစရာ ကောင်းလှပါသည်။

*ကာလရှည်ကြာတဲ့ အလှူ၊ အရိယာသူတော်ကောင်းတွေရဲ့ အစဉ်အဆက် ဖြစ်တဲ့ အလှူ . . .*

"ဘိက္ခုတို့ . . . ဒီအလှူငါးမျိုးဟာ အလှူကြီးတွေပဲ၊ မြင့်မြတ်တဲ့ အလှူတွေလို့ အသိအမှတ် အပြုခံရတယ်၊ ဟိုးရှေးရှေးကာလတွေထဲက စောင့်ထိန်းလာခဲ့ကြလို့ ကာလရှည်ကြာတဲ့ အလှူတွေလို့ အသိအမှတ် အပြုခံရတယ်၊ အရိယာသူတော်ကောင်းတွေရဲ့ အစဉ်အဆက်ဖြစ်တဲ့အလှူတွေပဲလို့ အသိအမှတ် အပြုခံရတယ်၊ ရှေးရှေးပုဂ္ဂိုလ်တွေ လုပ်ခဲ့တဲ့

http://www.dhammadownload.com



**ပညာရှိတွေ မပစ်ပယ်အပ်တဲ့ အလှူတွေပဲ။**

အလှူတွေပဲ၊ ပညာရှိ သမဏ၊ ဗြာဟ္မဏ တွေ ရှေးကရော၊ ယခုရော၊ နောင်ရော၊ ဘယ်သောအခါမှ ဘယ်လိုနည်းနဲ့မှ မစွန့်လွှတ်အပ်၊ မပစ်ချအပ်တဲ့ အလှူတွေပဲ၊ ပညာရှိတွေ မပစ်ပယ်အပ်တဲ့ အလှူတွေပဲ"။

"ဘိက္ခုတို့ . . ငါးပါးသီလစောင့်ထိန်းတဲ့သူဟာ အတိုင်းအတာ မရှိတဲ့ သတ္တဝါတွေအား ဘေးမဲ့အလှူကို လှူသူပဲ၊ ရန်မဲ့အလှူကို လှူသူပဲ၊ ဆင်းရဲမဲ့အလှူကို လှူသူပဲ၊ အတိုင်းအတာ မရှိတဲ့ သတ္တဝါတွေအားလုံး ဘေးမဲ့၊ ရန်မဲ့၊ ဆင်းရဲမဲ့ အလှူလှူသူဟာ အတိုင်းအတာ မရှိတဲ့ ဘေးမဲ့မှု၊ ရန်မဲ့မှု၊ ဆင်းရဲမဲ့မှုတွေကို ရတယ်"ဟု မိန့်တော်မူထားပါ၏။

**ဆရာတော်က မြန်မာနိုင်ငံကို ဘေးမဲ့နိုင်ငံ၊ ရန်မဲ့နိုင်ငံ၊ ဆင်းရဲမဲ့နိုင်ငံ ဖြစ်စေချင်၏။**

ဆရာတော်က မြန်မာနိုင်ငံကို ဘေးမဲ့နိုင်ငံ၊ ရန်မဲ့နိုင်ငံ၊ ဆင်းရဲမဲ့နိုင်ငံ ဖြစ်စေချင်၏၊ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး

http://www.dhammadownload.com



ဘေးမဲ့စွာ၊ ရန်မဲ့စွာ၊ ဆင်းရဲမဲ့စွာ နေထိုင်နိုင်ကြစေချင်၏၊ ထို့ကြောင့် ရန်ဘေးမဲ့အလှူကြီး ငါးမျိုးကို လှူနိုင်ကြမည်ဆိုလျှင် မြန်မာနိုင်ငံသာ မဟုတ်, မည့်သည့်နိုင်ငံမဆို အကြောက်မရှိ၊ ရန်မရှိ၊ ဆင်းရဲမရှိဘဲ နေနိုင်မည် ဖြစ်ပါသည်၊ မြန်မာနိုင်ငံသားများသာမက အခြား နိုင်ငံသားများလည်း ဘေးမဲ့၊ ရန်မဲ့၊ ဆင်းရဲမဲ့စွာ နေနိုင်ပါလိမ့်မည်၊ ဘေးမဲ့ မြန်မာနိုင်ငံ၊ ရန်မဲ့ မြန်မာနိုင်ငံ၊ ဆင်းရဲမဲ့ မြန်မာနိုင်ငံ ဖြစ်လာစေရေးအတွက် ဆရာတော်က သွေးမအေးဘဲ ရန်ဘေးမဲ့အလှူကြီး ငါးမျိုးကို လှူပေးကြပါရန် တဖွဖွ မိန့်ဟာ နှိုးဆော်တိုက်တွန်းလျက်ရှိ၏။

*ဆရာတော်က သွေး မအေးဘဲ ရန်ဘေးမဲ့ အလှူကြီး ငါးမျိုး ကို လှူပေးကြပါ ရန် တဖွဖွ မိန့်ဟာ နှိုးဆော်တိုက်တွန်း လျက်ရှိ၏။*

ကမ္ဘာတစ်ဝှန်းလုံး၌ ဘေးအပေါင်း၊ ရန်အပေါင်း၊ ဆင်းရဲမှုအပေါင်းတို့ဖြင့် ပြည့်နှက်နေခြင်းသည် ဤသို့သော ရန်ဘေးမဲ့အလှူကြီးများ အားနည်းနေ၍ ဖြစ်၏၊

http://www.dhammadownload.com



*ရန်ဘေးမဲ့ အလှူကြီး ငါးမျိုးသာ ကမ္ဘာကြီးကို ကြီးစိုးလျှင် အမှန်စင်စစ် ငြိမ်းချမ်းသာယာသည့် ကမ္ဘာကြီးဖြစ်လာပါလိမ့်မည်။*

တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ တစ်အုပ်စုနှင့် တစ်အုပ်စု ဘေး တွေ့ အောင်၊ ရန် များ အောင်၊ ဒုက္ခပွားအောင် လုပ်နေခြင်း သည်လည်း ရန်ဘေးမဲ့အလှူများ မရှိကြ သောကြောင့် ဖြစ်၏၊ ကမ္ဘာတစ်ဝှန်း၌ ဤ ရန်ဘေးမဲ့အလှူကြီးများကို အားကောင်း စွာ လှူနိုင်နေကြမည် ဆိုပါလျှင် ဤကမ္ဘာ ကြီးသည် မည်မျှ သာယာလာမည်နည်း၊ မည်မျှ ပျော်စရာကောင်းမည်နည်း၊ ရန် ဘေးမဲ့အလှူကြီး ငါးမျိုးသာ ကမ္ဘာကြီး ကို ကြီးစိုးလျှင် အမှန်စင်စစ် ငြိမ်းချမ်းသာ ယာသည့် ကမ္ဘာကြီး ဖြစ်လာပါလိမ့်မည်။

မြန်မာနိုင်ငံတွင် အလှူဒါနများ လွန် စွာ ပေါများလှသော်လည်း ပကာသနဒါန များက နေရာအယူ များနေကြပါသည်၊ မင်းမူနေကြပါသည်၊ မင်း မူ နေ ကြ သော ထိုပကာသနဒါနတွေအစား ပါ ရ မီ ဒါ န များ၊ အဘယဒါန ခေါ် ရန်ဘေးမဲ့အလှူ

http://www.dhammadownload.com



ကြီးများဖြင့် အ စား ထိုး နိုင် ကြ မည် ဆို လျှင် အလွန်ပင် သာယာလာပေမည်၊ အလွန် အေးချမ်းလာပေမည်၊ အလွန်ပင် ပျော် စရာ ဖြစ်လာပေလိမ့်မည်။

"မကူညီချင်နေပါ၊ မနှောက်ယှက်ပါနဲ့"ဆိုသည့် စကားလေး သည်...

"မကူညီချင်နေပါ၊ မနှောက်ယှက်ပါနဲ့"ဆိုသည့် စကားလေးသည် လူအများ၏ နှုတ်ဖျား၌ အရောက်များနေသော စကားလေး ဖြစ်၏၊ "ဒါနနှင့် သီလတွင် မည်သည်က ပို၍ အကျိုးများသနည်း"ဆိုသော အမေး၏အဖြေအတွက် စဉ်းစားမိသည့်အခါ ထိုစကားလေးကို သတိရလာမိပါသည်၊ "ဒါန"ဆိုသည်မှာ သူတစ်ပါးကို လိုတာ ပြည့်စုံချမ်းသာအောင် အကူအညီ ပေးသည့် အလုပ် ဖြစ်၏၊ "သီလ"ဆိုသည်မှာ သူတစ်ပါး မဆင်းရဲရအောင် ကာကွယ်စောင့်ရှောက်ပေးသော အလုပ်၊ သူတစ်ပါးကို ဒုက္ခ မပေးသော အလုပ်၊ သူတစ်ပါးကို မနှောက်ယှက်သော အလုပ်

http://www.dhammadownload.com



ပင် ဖြစ်၏၊ မကူညီချင်လျှင် နေပါစေ၊ နှောက် ယှက် ခြင်း ကို မူ ကား လူများ မကြိုက်ကြပါ၊ သတ်ခြင်း၊ ခိုးခြင်း၊ ကာမ ကျူးလွန်ခြင်း၊ လိမ်ညာခြင်း၊ မူးယစ်ဆေး သုံး စွဲ ခြင်း များ နှင့် နှောက်ယှက်မည်ဆို လျှင် ပို၍ပင် မကြိုက်ကြပါ၊ ထို့ကြောင့် သူတစ်ပါးကို ကူညီသော အလုပ်ထက် သူ တစ်ပါးကို ဒုက္ခမပေးသော အလုပ်က ပို ၍ ကောင်းကြောင်း ထင်ရှားနေပါသည်။

**သူတစ်ပါးကို ကူညီသော အလုပ်ထက် သူတစ်ပါးကို ဒုက္ခမပေးသော အလုပ်က ပို၍ ကောင်းကြောင်း ထင်ရှားနေပါသည်။**

"ဒါနပြုရာမှာ ဉာဏ်ပါ ပါစေ"ဟု ဆရာတော်က အမိန့်ရှိပြန်၏။

"ဉာဏ်"ဆိုသည်ကား အမောဟ ဖြစ် ၏၊ "မောဟ" ဆိုသည်မှာ တွေဝေမှုန်ဝါး မပြတ်သားမှုပင် ဖြစ်၏၊ ကောင်းတာ ပြု လျှင် ကောင်းကျိုးကို ရပြီး ဆိုးတာ ပြုလျှင် ဆိုး ကျိုး ရ သည် ကို မ သိ ခြင်း သည် "မောဟ"ဖြစ်၏၊ "အမောဟ"ခေါ် ဉာဏ် ပါသည့် ဒါနရှင်တွင် "ကောင်းလျှင် စံ,

http://www.dhammadownload.com



ဆိုးလျှင် ခံ"ဆိုသော အခြေခံ အသိဉာဏ် ရှိ၏၊ ကလေးများနှင့် ဉာဏ်မဲ့သောသူများ၌ကား ထိုသို့ မဟုတ်ကြပေ၊ အခြေခံ အသိဉာဏ်ပါ၍ လှူလျှင် မောဟ အပြစ်ကင်း၏၊ "သေရင် ပြီးပြီ၊ ပြတ်ပြီ" ဟူ၍ အယူလွဲမှားသည့် ဒိဋ္ဌိအပြစ်မှုလည်း ကင်း၏၊ "ကောင်းရင် စံရမှာလေလား၊ ခံရမှာလေလား"ဟု သို့လော သို့လော ဖြစ်ပြီး မဝေခွဲနိုင်သည့် ဝိစိကိစ္ဆာအပြစ်မှုလည်း ကင်း၏။

***အခြေခံ အသိဉာဏ်ပါ၍ လှူလျှင် မောဟ အပြစ် ကင်း၏။***

"ဒါနပြုရာမှာ ရိုရိုသေသေ ပြုပါ"တဲ့။

"ရိုရိုသေသေ ပြုတော့ ထောင်လွှားတဲ့ မာနအပြစ်လည်း ကင်းသွားတယ်၊ ဒီလို အပြစ်တွေ ကင်းတော့ ကောင်းကျိုးတွေကို အလိုလို ရလာတော့တာပါပဲ၊ ဒီလို အပြစ်ကင်းပြီး ကောင်းကျိုးရစေတဲ့ အလုပ်တွေကို "ကုသိုလ်"လို့ ခေါ်တာပါပဲ၊ "မင်္ဂလ"ဆိုတာက ဘဝအဆင့်အတန်း

***ဒီလို အပြစ်ကင်းပြီး ကောင်းကျိုး ရစေတဲ့ အလုပ်တွေကို "ကုသိုလ်" လို့ ခေါ်တာပါပဲ။***

http://www.dhammadownload.com



နိမ့်ကျအောင် လုပ်တတ်တဲ့ တရားတွေကို သတ်ဖြတ်ဖယ်ရှားတတ်တဲ့ တရားတွေကို ခေါ်တာပါပဲ၊ ဘဝအဆင့်အတန်း မြှင့်ပေးတဲ့ တရားတွေပါပဲ၊ ဘဝအဆင့် နိမ့်စေတဲ့ တရားတွေကို ပယ်နိုင်လေလေ ဘဝအဆင့်အတန်းဟာ မြင့်လာလေလေပါပဲ၊ အဲဒီ ဘဝအဆင့်မြှင့်တရားကိုပဲ "မင်္ဂလာ" လို့ ခေါ်တာပါပဲ၊ ဒီကုသိုလ်မင်္ဂလာမှာ အပြစ်ကင်းဖို့ကသာ လိုရင်း ဖြစ်တယ်၊ အပြစ်ကင်းရင် ကောင်းကျိုးတွေဟာ အလိုလို ဖြစ်ပေါ်လာတာပဲ၊ အင်အားပြည့်တင်း ကျန်းမာခြင်းကို ဖြစ်စေတဲ့ အစာကိုသာ စားရင် အင်အားပြည့်တင်းခြင်း, ကျန်းမာခြင်းဆိုတဲ့ အကျိုးတွေဟာ အလိုလို ရလာသလိုပါပဲ"ဟု မိန့်တော်မူ၏။

*ဆရာတော်သည် အဆင့်မြှင့်ဒါနများကို ပြုတတ်အောင် သွန်သင်ပေး၏။*

*ဒါနရှင် မှန်သမျှသည် အဆင့်မြှင့်ဒါနရှင်အဖြစ်မှ "အဘယဒါနရှင်" အဖြစ်သို့ တက်လှမ်းနိုင်ကြပါလျှင် . . .*

ဆရာတော်သည် အဆင့်မြှင့်ဒါနများကို ပြုတတ်အောင် သွန်သင်ပေး၏၊ ထို

http://www.dhammadownload.com



အဆင့်မြင့် ဒါနများကသာလျှင် "အဘယ ဒါန" ခေါ် ရန်ဘေးမဲ့ အလှူကြီးဆီသို့ ပို့ပေးနိုင်သည့် အင်အားများ ရှိကြောင်းကိုလည်း သတိပေးထားပါသည်။ ဒါနရှင် မှန်သမျှသည် အဆင့်မြင့် ဒါနရှင်အဖြစ်မှ "အဘယဒါနရှင်"အဖြစ်သို့ တက်လှမ်းနိုင်ကြပါလျှင် မိမိတို့နေထိုင်ရာ လောကကြီး, ကမ္ဘာကြီးသည် ချမ်း မြေ့ သာ ယာ ဖွယ်ကောင်း သော ပျော်စရာ လောကကြီး, ကမ္ဘာကြီး ဖြစ်လာမည်မှာ မလွဲပေ၊ ချမ်းမြေ့သာယာ ပျော်စရာ ကမ္ဘာကြီးဆီသို့ လှမ်းမျှော်ရင်း "ရန်ဘေးမဲ့အလှူတွေ များများ လှူကြပါ" ဟူသော ဆရာတော်၏ စကားလေးကို ကြားယောင်လာမိပါတော့သတည်း။

သာမဏေကျော်

http://www.dhammadownload.com



## များများ လှူ

➢ ကျောက်ကလေး တစ်ပွင့်
တန်ဖိုးက သိန်းဆင့်ဆင့်
သို့ပါလင့် အပြစ်အနာအဆာ
ကင်းရှင်းမှုပါ။

➢ ဒါန ဆိုတဲ့ ကျောက်တစ်ပွင့်
ကောင်းကျိုးတွေက ငွားငွားစွင့်
သို့ပါလင့် အပြစ်အနာအဆာ
ကင်းရှင်းမှုပါ။

➢ ကျောက်ထက် ပတ္တမြားတစ်ပွင့်
တန်ဖိုးကတော့ ပို၍ မြင့်။

http://www.dhammadownload.com



➢ ဒါနနှင့် သီလယှဉ်
သီလက သာသည်ပင်
ဒါနတွင် အပြစ်ကင်း
သီလလမ်းလည်း ပွင့်ကာ လင်း၊

➢ ရန်ဘေးကင်းတဲ့ ထိုအလှူ
ကြိုးစားကြ၍ များများ လှူ။
လှူနိုင်မှု အေးချမ်းခြင်း
ပျော်ရွှင်ခြင်းနဲ့ ချမ်းမြေ့ခြင်း။

သာမဏေကျော်

http://www.dhammadownload.com



# ဆရာတော်ကြီးတို့၏ အဆုံးအမများ

❀ ❀ ❀ ❀ ❀

**သီလက ဒါနထက် ပိုအားကိုးရ ...**

အင်မတန် ကောင်းတဲ့ ကိုယ်ကျင့်သိက္ခာ ငါးပါးသီလကိုတော့ အပြည့်အဝ မထိန်းချင်ကြဘူး၊ အလှူအတန်းကြီးတွေတော့ မဏ္ဍပ်ကြီးတွေ ထိုးပြီး အကြီးအကျယ် ပေးတယ်၊ အဆောင်အယောင်တွေ, ပကာသနတွေနဲ့၊ သီလ ထိန်းတာက လူ မမြင်ရတော့ အရသာက တယ်မရှိဘဲကိုး၊ မဏ္ဍပ်ကြီးနဲ့ အလှူကြီး ပေးတာကတော့ လူမြင်သူမြင်မို့ ဟိုက ချီးမွမ်း, ဒီက ချီးမွမ်းနဲ့ အရသာ ရှိတယ်၊ သာယာဖွယ် ဖြစ်တယ်၊ အင်း. . သံသရာနဲ့ ကြည့်လိုက်တော့ လူချီးမွမ်း မခံရတဲ့ သီလကမှ စိတ်ချရတာကပဲ၊ ဘဝကူး ကောင်းဖို့နဲ့ ပတ်သက်လာလျှင် သီလက ဒါနထက် ပိုပြီး အားကိုးရတယ်။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

http://www.dhammadownload.com



**တစ်ပြားမှ မကုန်တဲ့ ကုသိုလ်**

မလှူနိုင်လို့ရှိရင် သီလကိုသာ အား ပြုပြီး ထိန်းပေးကြပါ၊ အဖိုးအခ တစ်ပြား သားမှ မကုန်ဘဲနဲ့ တန်ဖိုးကြီးတဲ့ ကုသိုလ် ဆိုတာ ဒီသီလပဲ၊ အခုခေတ်မှာ ဒါနတော့ ပြုကြပါရဲ့၊ သီလကို မေ့နေကြတယ်၊ သီလကို မမေ့ကြနဲ့၊ သီလကို အခြေခံပြီး ဘာဝနာတစ်ခုခုနဲ့ စိတ်ကို ကြီးမားလာ အောင် ပြုပြင်ပေးကြ။

(မဟာဂန္ဓာရုံဆရာတော်ကြီး)

**ဒါနထက် သီလက သာတယ်။**

သူတစ်ပါး အသက်သတ်မှုမှ ရှောင် ကြဉ်သည့် သီလ တစ်ပါးတည်းပင် ဒါနနှင့် နှိုင်းယှဉ်ကြည့်မူ သီလက သာလွန် မြင့် မြတ်ကြောင်း ထင်ရှားနေပေပြီ၊ ဤနေရာ ဝယ် သူတစ်ပါးက တစ်စုံတစ်ရာ ပေး၍ စိတ် ချမ်း သာ နေ သူ တစ် ယောက် နှင့် အသတ်ခံရမည့်ဆဲဆဲမှ လွတ်လာ၍ စိတ် ချမ်းသာနေသူ တစ်ယောက်၏ ချမ်းသာပုံ

http://www.dhammadownload.com



ကို နှိုင်းယှဉ်ကြည့်လျှင် တစ်စုံတစ်ရာ ရ၍ စိတ် ချမ်း သာ သူ ၏ ချမ်းသာ ပုံ ထက် အသက်ဘေးမှ လွတ်လာသူ၏ ချမ်းသာ ပုံက ဆထက်ထမ်းပိုးမက အဆ ရာ, ထောင် သာလွန်နေမည်ကို စဉ်းစားတတ်သူတိုင်း ဝန်ခံပါလိမ့်မည်၊ အစာ မရလျှင် သေရတော့မည့်သူကို အစာကျွေးသဖြင့် စိတ်ချမ်းသာမှုရသော်လည်း အသတ်ခံရတော့မည့် ဘေးမှ လွတ်မြောက်ခွင့်ရခဲ့သူ၏ စိတ်ချမ်းသာမှုကို မီနိုင်မည် မဟုတ်ပါ။

*(မဟာဂန္ဓာရုံဆရာတော်ကြီး)*

**ပကာသန**

နိဗ္ဗာန်နှင့် နီးသည့် အလှူ ဆိုသည်မှာ လောကအလို မလိုက်ရ၊ ဓမ္မအလို လိုက်ရ၏၊ တရားနှင့် မလျော်သော အပိုပကာသနသည် အလကားပင် ဖြစ်၏၊ အနှစ်သာရ မဲ့၏။

*(သပြေကန်ဆရာတော်ကြီး)*

http://www.dhammadownload.com

သိက္ခာရှင်ဆရာလေးများ

စာကြည့်တိုက်

http://www.dhammadownload.com

# အနန္တငါးပါး ဦးထိပ်ထားပြီး

ဦးကျော်ကျော်၊ ဒေါ်စိန်စစ်ဖြူ
သမီးငယ် သိက္ခာရှင် မစာရဒဿိနီ
သမီးကြီး - မမြသီဂီကျော်
သမီးလတ် - မမြမဒီကျော်
(သားသမက်)ကိုကောင်းမြတ်
မြေး - မမြဥက္ကာကျော်
မောင်မြတ်သာရ
အမှတ်-၅(က)၊ မြစပယ်လမ်း ပါရမီရိပ်သာ
ရန်ကင်းမြို့နယ် တို့က ဓမ္မဒါနအဖြစ်
နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းကြပါသည်။